**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့**
**( တိုင်းရင်းဆေးဝါးကြီးကြပ်ရေးဆိုင်ရာအမိန့်)**
**အမိန့်ကြော်ငြာစာအမှတ် (၁၇၈/၂၀၁၉)**
**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

တိုင်းရင်းဆေးဝါးဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီအများပြည်သူတို့ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အရည်အသွေးအာနိသင်ရှိသည့် တိုင်းရင်းဆေးဝါးအစစ်အမှန်များကို သင့်မြတ်သောဈေးနှုန်းဖြင့် အချိန်မရွေး အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့သည် တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါအမိန့်ကို ထုတ်ပြန်လိုက်သည်-

## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးဆိုင်ရာအမိန့်
## အခန်း (၁)
## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

**၁။** တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

**(က) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဌာနမှူး<br>ကျန်းမာရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ပါမောက္ခသမားတော်ကြီး<br>ဆေးပညာဌာန<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)<br>ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပါမောက္ခ/ဌာနမှူး (ဆေးဝါးဗေဒဌာန) | အဖွဲ့ဝင် |

DM

| | | |
|---|---|---|
| | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ<br>တာဝန်ပေးအပ်သူတစ်ဦး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | |
| (၁၄) | ပါမောက္ခ/ဌာနမှူး (ဆေးဝါးဗေဒဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ပါမောက္ခ/ဌာနမှူး (ဆေးဝါးပညာဌာန)<br>တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ<br>ကိုယ်စားလှယ် (၂)ဦး | အဖွဲ့ဝင် |
| (၁၇) | မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းမှ<br>ကိုယ်စားလှယ် (၂)ဦး | အဖွဲ့ဝင် |
| (၁၈) | တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့မှ<br>ကိုယ်စားလှယ် (၂)ဦး | အဖွဲ့ဝင် |
| (၁၉) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၂၀) | ညွှန်ကြားရေးမှူး (ဆေးဝါး/ဥယျာဉ်)<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး |

DIM

(ခ) **ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီ-**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်တိုင်းရင်း ဆေးမှူးတစ်ဦး | အတွင်းရေးမှူး |

(ဂ) **ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ-**

| | | |
|---|---|---|
| (၁) | ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး သို့မဟုတ် ခရိုင်တိုင်းရင်းဆေးမှူး | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | ခရိုင်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် ဒုတိယတိုင်းရင်းဆေးမှူးတစ်ဦး | အတွင်းရေးမှူး |

(ဃ) **မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ-**

| | | |
|---|---|---|
| (၁) | ဒုတိယတိုင်းရင်းဆေးမှူး မြို့နယ်တိုင်းရင်းဆေးကုဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၃) | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | မြို့နယ်ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် လက်ထောက်တိုင်းရင်းဆေးမှူးတစ်ဦး | အတွင်းရေးမှူး |

## အခန်း(၂)
## တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များ

**၂။** ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့် အညီ တိုင်းရင်းဆေးဝါးကိစ္စများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တိုင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများ၏ တိုင်းရင်းဆေးဝါးဆိုင်ရာဆောင်ရွက်ချက်များ ကြီးကြပ်ခြင်း။

**၃။** ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေး ကော်မတီသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကို ကြီးကြပ် ခြင်း၊

(ခ) ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက တင်ပြလာသော တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့်

စပ်လျဉ်းသည့် လျှောက်လွှာကိုစိစစ်၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) ခရိုင် သို့မဟုတ် မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန် တစ်ရပ်ရပ်ကို လိုအပ်ပါက ကိုယ်တိုင်ကျင့်သုံး ဆောင်ရွက်ခြင်း။

**၄။** ခရိုင်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာ ခရိုင်တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း၊ သိုလှောင်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက တင်ပြလာသော တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် လျှောက်လွှာကိုစိစစ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ဂ) မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း။

**၅။** မြို့နယ်တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် လျှောက်လွှာများကိုစိစစ်၍ ခရိုင်တိုင်းရင်းဆေးဝါး ကြီးကြပ် ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(ခ) တိုင်းရင်းဆေးဝါးစစ်ဆေးခြင်းဆိုင်ရာကိစ္စအဝဝကို ကြီးကြပ်ခြင်း၊ လိုအပ်ပါက ကိုယ်တိုင် ဆောင်ရွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူခြင်း၊

(ဂ) လိုင်စင်ပါ စည်းကမ်းချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကဖြစ်စေ ထုတ်ပြန်ထားသော တိုင်းရင်း ဆေးဝါးဆိုင်ရာ စည်းကမ်းချက်များ လိုက်နာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်မှုများကို အရေးယူခြင်း။

## အခန်း(၃)
## အယူခံခြင်း

**၆။** တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကိစ္စ သို့မဟုတ် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ ၂၅ ပါပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံအစားအသောက် နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့သို့အယူခံနိုင်သည်။

**၇။** ကျန်းမာရေးဝန်ကြီးဌာန၏ (၉-၈-၁၉၉၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၉၆ ကို ဤ အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဒေါက်တာမြင့်ထွေး)

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန